Burma News International
P.O Box (76) Chiang Mai University Post Office
Chiang Mai, 50202, Thailand website: http://www.bnionline.net

## ချင်းပြည်နယ် အစိုးရက The Hakha post သတင်းစာကို ထုတ်ဝေခွင့်ပိတ်ပင်ခြင်းအပေါ် ဘီအဲန်အိုင်၏ သဘောထားထုတ်ပြန်ကြေညာချက်

၁။ ချင်းပြည်နယ် မြို့တော် ဟားခါးအခြေစိုက် ချင်း ( Lai) ဘာသာဖြင့် ထုတ်ဝေသည့် The Hakha post သတင်းစာကို စက်တင်ဘာလ (၂၉) ရက်နေ့ မှ စ၍ ပြည်နယ်အစိုးရက ယာယီပိတ်ပင် လိုက်ကြောင်း ကြားသိရပါသည်။

၂။ စက်တင်ဘာလ (၃၀) ရက်နေ့ က ဟားခါးမြို့ ခရိုင်ရုံးက The Hakha post အယ်ဒီတာချုပ် Lalawmpuia အား ခေါ်ယူပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် အုပ်ချုပ်ရေးမှူးတို့ မှ သတင်းစာ ဆက်လက် ထုတ်ဝေ ခြင်းမပြုရန် လက်မှတ်ရေး ထိုးခိုင်းခြင်း ဖြစ်ကြောင်း အောက်တိုဘာလ (၁) ရက်နေ့ထုတ် The Hakha Post သတင်းစာတွင် ဖေါ်ပြထားသည်ကို တွေ့ရှိရပါသည်။

၃။ ချင်းပြည်နယ် အစိုးရက တရားဝင် ထုတ်ဝေခွင့် မှတ်ပုံတင်မရသေးခင် ကာလအတွင်း ထုတ်ဝေခြင်း မပြုရန် ညွှန်ကြားထားသဖြင့် ဆက်လက်ထုတ်ဝေပါက ဥပဒေအရ အရေးယူမည်ဟု ခရိုင်အုပ်ချုပ်ရေးမှူးက ခေါ်ယူပြောဆိုခဲ့သည်။ The Hakha Postသည် ထုတ်ဝေခွင့် ရရှိရန် ပြည်နယ်ပြန်ဆက်၊ ခရိုင်နှင့် မြို့နယ်များတွင်၎င်း၊ ရန်ကုန်မြို့တွင်၎င်း၊ မှတ်ပုံတင်နိုင်ရန် လိုအပ်သည်များကို ဆောင်ရွက်လျှက်ရှိစဉ်၊ The Hakha post ကို ထုတ်ဝေခွင့် ပိတ်ပင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၄။ မှတ်ပုံတင် မရရှိသေးသည့် အခြားသတင်းဌာနများလည်း ချင်းပြည်နယ်အတွင်း၌ ရှိနေသော်လည်း၊ The Hakha Post သတင်းဌာနကိုသာ ပိတ်ပင်ခံရသည့်အပေါ် The Hakha Post အယ်ဒီတာ၏ မေးမြန်းချက်ကို ခရိုင်အုပ်ချုပ်ရေးမှူးက အထက်အမိန့်အရ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းအချက်ကို ထောက်ရှုပါက၊ "နိုင်ငံသားတိုင်း၏ သတင်း သိပိုင်ခွင့်" ကို ပြည်နယ်အစိုးရက ပိတ်ပင် ဟန့်တားသည့် သဘောသက်ရောက်ပါသည်။

၅။ ၎င်းအပြင် လက်ရှိ မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ဆောင်နေချိန်ဖြစ်၍၊ "သတင်းသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်" နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရမည့် တာဝန်ရှိပါသည်။ သို့ဖြစ်၍ တိုင်းရင်းသား သတင်းစာစောင်များအနေဖြင့် ထုတ်ဝေခွင့် လွယ်ကူစွာရရှိနိုင်ရန် အစိုးရ၏ သက်ဆိုင်ရာ ဌာနများက အကူအညီပေးရန် တာဝန်ရှိပါသည်။ သို့သော်လည်း ယခု ချင်းပြည်နယ် အစိုးရ ခရိုင်အုပ်ချုပ်ရေးမှူးက The Hakha Post သတင်းဌာနအား ထုတ်ဝေခြင်း မပြုရန် ညွှန်ကြားလာသည့် ကိစ္စမှာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်နှင့် လွဲချော်နေသည့်အပြင်၊ သတင်းလွတ်လပ်ခွင့် (Freedom of Expression) ကိုလည်း ပိတ်ပင်တားဆီးရာရောက်ပါသည်။

၆။ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် သတင်းစီးဆင်းမှုနှစ်ပေါင်းများစွာ ရပ်တန့်နေခဲ့သဖြင့် တိုင်းရင်းသားပြည်သူလူထုမှာ သတင်းသိပိုင်ခွင့်ဆုံးရှုံးနေခဲ့ရသည်ကို အစိုးရအနေဖြင့် ပြန်လည် ဖြည့်ဆည်းပေးရန် တာဝန်ရှိပါသည်။ သို့သော် ယခု ချင်းပြည်နယ် အစိုးရက The Hakha Post သတင်းဌာနအား ထုတ်ဝေခွင့် ပိတ်ပင်တားမြစ်ခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံတိုင်းရင်းသားသတင်းမီဒီယာအဖွဲ့ (Burma News International - BNI) က အထူးစိုးရိမ်မိပါသည်။ ထို့ကြောင့် ယခုကဲ့ သတင်းလွတ်လပ်ခွင့်(Freedom of Expression) ဟန့်တားမှုမျိုးကို အစိုးရ အနေဖြင့် ဆက်လက် ကျင့်သုံးခြင်းမပြုသင့်ကြောင်း BNI က သတိပေးနှိုးဆော် အပ်ပါသည်။

**Burma News International (BNI)**
၅ အောက်တိုဘာ၊ ၂၀၁၄။
ဆက်သွယ်ရန်။ နန်းဖောဝေ (ဖုံး - ၀၈၇-၂၀၉၉၇၇၂)
ဦးဇင်လင်း (ဖုံး - ၀၈၇-၈၀၀၀၀၆၅)